# ဘယ်အချိန်တွင် နေမကောင်းသည့် ကလေးများ နေ့ကလေးထိန်း သို့မဟုတ် မူလတန်းကျောင်း မသွားဘဲ အိမ်တွင်သာ နေရမလဲ။



## 1. လွန်ခဲ့သော ၂၄ နာရီအတွင်းတွင်  သင့်ကလေးတွင် ကိုယ်ပူတက်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း သို့မဟုတ် နာရည်ကျခြင်းများ ရှိနေပါသလား။



- သင့်ကလေးကို အိမ်တွင် ထားပါ။
- ကလေးကို ကိုဗစ်-၁၉ ပိုးရှိမရှိ စစ်သင့်ပါသည်။

ကလေးတွင် နှာစေးခြင်း သို့မဟုတ် နာရည်/နှာချေးသာ ရှိပြီး နေကောင်းပါက ကလေးသည် နေ့ကလေးထိန်း/ကျောင်း သို့သွားနိုင်ပြီး ကိုဗစ်-၁၉ ပိုးရှိမရှိ စစ်ရန် မလိုပါ။ ကလေးတွင် သိထားသည့် ဓာတ်မတည့်ခြင်းအတွက်လည်း အကျုံးဝင်ပါသည်။



**သင့်ကလေး တုပ်ကွေးမိနေပြီး အောက်ပါအချက်များရှိပါက ဆရာဝန်တစ်ယောက်ကို ခေါ်ပြပါ။**

- ကလေးသည် မကစားလိုခြင်း သို့မဟုတ် မလန်းဆန်းခြင်း။
- ကလေးတွင် အဖျားရှိခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ အစာမစားလိုခြင်း၊ နှမ်းလျခြင်း၊ ပျို့ခြင်း သို့မဟုတ် မူးဝေခြင်း
- ကလေးအသက်ရှူကြပ်နေပြီး/သို့မဟုတ် နားနေချိန်တွင် ပုံမှန်ထက် အသက်ရှူမြန်နေခြင်း

ကလေးငယ်များသည် သူတို့ဘယ်လိုခံစားရသလဲ ကို မပြောတတ်ကြောင်း သတိပြုပါ၊ သူတို့သည် စိတ်ပျက်၊ ဂျီကျ သို့မဟုတ် စိတ်ဆိုးလွယ်ခြင်းများ ဖြစ်နေနိုင်ပါသည်။ နေမကောင်းသော သင့်ကလေးကို စိတ်ပူပါက ဆရာဝန်ကို ဆက်သွယ်ပါ သို့မဟုတ် တာဝန်ချိန်ပြင်ပ ကျန်းမာရေးဝန်ဆောင်မှုကို ခေါ်ယူပါ။

## 2. ဆေးစစ်မှုက ကိုဗစ်-၁၉ ကို အတည်ပြုပါသလား။



**ဟုတ်**

သင့်ကလေးသည် အိမ်တွင် မဖြစ်မနေ နေရပါမည်။

ဌာနပေါင်းစုံက သင့်ကလေး နေမကောင်းချိန်တွင် သင် နှင့် သင့်မိသားစုများ လိုက်နာရမည့် စည်းကမ်းများကို ပြောပြပါလိမ့်မည်။



**မဟုတ်**

သင့်ကလေးသည် နေကောင်းလာချိန် သို့မဟုတ် ကိုယ်မပူတော့ချိန်တွင် နေ့ကလေးထိန်း သို့မဟုတ် ကျောင်းသို့သွားနိုင်ပါသည်။

သင့်ကလေးသည် နာရည်ယို/နှာချေးရှိခြင်း၊ အသံဝင်ခြင်း သို့မဟုတ် ချောင်းအနည်းငယ်ဆိုးခြင်း ကဲ့သို့သော ရောဂါလက္ခဏာ အပျော့များရှိလျှင်လည်း နေ့ကလေးထိန်း သို့မဟုတ် ကျောင်းသို့ သွားနိုင်ပါသည်။

NIPH